# ရောင်စုံပန်းချီကား




အရှင်ဉာဏိကာဘိဝံသ

(ကာလီဖိုးနီးယားတက္ကသိုလ်)


မနေ့ညနေက သူတို့မိခင်ကြီးနဲ့အတူ ကျောင်းပြီးစ သားကြီးနဲ့ မကြာမီမှာ ကောလိပ်ကနေ တက္ကသိုလ်ကို ပြောင်းတော့မယ့် သားလတ်တို့ ကျောင်းကိုရောက်လာတယ်။ သားကြီးဖြစ်သူရဲ့ လုပ်အားခထဲကနေ ရလာတဲ့ ငွေနဲ့ ဦးဦးဖျားဖျားအလှူအဖြစ် ဝါဆိုသင်္ကန်းတစ်စုံ လာရောက်လှူဒါန်းကြတာ။လွန်ခဲ့တဲ့ သုံးလေးလလောက်က လည်းပဲ သူတို့ဖခင်က သူ့ရဲ့သားတွေ ဘာသာရေးနဲ့ စိမ်းမသွားစေဖို့ အိမ်ကိုကြွရောက်ပြီး သားတွေနဲ့ လိုက်လျောညီထွေဖြစ်စေမယ့် တရားစကား အနည်းအကျဉ်းပြောပေးပါဦးဆိုလို့ သူတို့အိမ်ကြွရောက်ကာ တရားစကားပြောဖြစ်ခဲ့ပါသေးတယ်။

ကြီးပြင်းရတဲ့ ခေတ်ကာလခြားနားမှုဆိုတဲ့ မျိုးဆက်ကွာဟမှု၊ နေထိုင်ရာ ပတ်ဝန်းကျင်ဖြစ်တဲ့ ယဉ်ကျေးမှု ကွာခြားမှုကြောင့် အရှေ့မှာမွေးပေမယ့် အနောက်မှာကြီးပြင်းကြတဲ့ လူငယ်တွေမို့ လူငယ်တို့ရဲ့ တချို့အယူအဆတွေက မိဘတွေရဲ့ အတွေးအခေါ်နဲ့တော့ အနည်းနဲ့ အများဆိုသလို ကွားခြားတတ်ပါတယ်။ ဒါကြောင့် လူငယ်တွေကို ပြောတဲ့အခါ လူကြီးသူမတွေကို ပြောနေကြအတိုင်း သမားရိုးကျ ပြောဆိုပုံမျိုးနဲ့ ပြောပြရင် သူတို့အနေနဲ့ လက်ခံဖို့ တုံ့နေးတတ်ပါတယ်။ ဒါကြောင့်သူတို့တွေနဲ့ပြောတဲ့အခါ ကျမ်းလာပေလာ စကားတွေကို ခိုင်ခန့်တာပဲဆိုပြီး ကိုးကားတာထက် နေ့စဉ်တွေမြင်နေ၊ ကြားသိနေကြ ဥပမာစကားတွေနဲ့ ပြောပြတာက ပိုပြီးခရီးရောက်တာကို တွေ့ရပါတယ်။

နာမည်ကြီးဆရာတော်ကြီးတစ်ပါး ပြောပြတဲ့ အတီတေ ဗာရဏာသီယံ- ရှေးက ဗာရဏာသီမှာ ဆိုတဲ့ ဝတ္ထုတစ်ပုဒ်ကို နားထောင်ပြီး အဲဒါ Fact-လား၊ Fiction-လား၊ တကယ့်အဖြစ်အပျက်လား၊စိတ်ကူးယဉ် ဖန်တီးထားတဲ့ ဇာတ်လမ်းလားဆိုပြီး လူငယ်တစ်ယောက်က မေးခွန်းထုတ်ခဲ့ဖူးတာကိုလည်း တစ်ခါက တွေ့ခဲ့ဘူးပါတယ်။ ဒါကြောင့် လူငယ်တွေနဲ့ စကားပြောတဲ့အခါ သူတို့ယုံကြည်လက်ခံဖို့ ခက်လောက်မယ့် ပုံဥပမာတွေကို မသုံးမိဖို့ လူငယ်တွေကို ပြောတိုင်း သတိရမိတတ်ပါတယ်။

ရောက်လာတဲ့မိသားစုသုံးဦးအတွက် ဆုတောင်းအမျှပေးဝေအပြီး မကြာမီ ရပ်ဝေးမှာရှိတဲ့ တက္ကသိုလ်ကို သွားမယ့် ညီဖြစ်သူကို အားလုံးအဆင်သင့်ဖြစ်နေပြီလားလို့ မေးဖြစ်ပါတယ်။ ဒီတော့ ဖြစ်နေပြီလို့တော့ ထင်ပါတယ်လို့ သူကပြန်ပြောပါတယ်။ ကိုယ့်ရှေ့မှာ အကိုကြီးက သွားထားတာဆိုတော့ သူ့ဆီက အကြံဉာဏ်နဲ့ အကူအညီကို ရနိုင်မှာမို့ နောက်ကသွားရသူက ပိုမိုလွယ်ကူမှာပါလို့ ကိုယ်ကပြောဖြစ်ပါတယ်။ ဒီတော့ အကိုကြီးက တပည့်တော်ရဲ့အကြံဉာဏ်က သူတို့အတွက် အထောက်အပံ့ဖြစ်နိုင်မယ် မထင်ပါဘူး။ ဘာကြောင့်လည်းဆိုရင် သူက တပည့်တော်နဲ့ မတူတဲ့အရာမှန်သမျှကို သဘောကျသူမို့လို့ စကားထောက်ဖြည့်စွက်ပါတယ်။

ညီဖြစ်သူကို သူ့ကျောင်းနဲ့စပ်ပြီး မေးကြည့်တော့လည်း အကိုဖြစ်သူတက်ရောက်ခဲ့တဲ့ ကျောင်းနဲ့ ကျောင်းခြင်းမတူသလို သူယူမယ့် ဘာသာရပ်လည်း ကွဲပြားပါတယ်။ နောက်ညီတွေလည်း သူ့လိုပဲ တစ်ကျောင်းစီ၊ တစ်ဘာသာစီ သွားကြ၊ ယူကြမယ်လို့လည်း သိရပါတယ်။

ဒီတော့ မိခင်ကြီးကလည်း သူ့သားလေးယောက်က တစ်ယောက်တစ်မျိုးစီဖြစ်ကြောင်း။ တစ်ယောက်နဲ့တစ်ယောက် ဘာမှ တူတာမရှိကြောင်း ပြောပါတယ်။ ဒီတော့ သူတို့တွေနဲ့ ပတ်သက်တဲ့စကားအနည်းငယ်တော့ ပြောပြဦးမှပဲလို့ စိတ်ကူးပေါ်လာလို့ အမေရိကန်လူ့အဖွဲ့အစည်းတွင်းက မတူခြားနားတဲ့ ယဉ်ကျေးမှုပုံစံနှစ်ခုအကြောင်းကို ပြောဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ဆယ်စုနှစ်အနည်းငယ်ဆီက အမေရိကန်တွေ စိတ်ကူးယဉ်ခဲ့ကြတဲ့ ယဉ်ကျေးမှုပုံစံတစ်မုရှိခဲ့ဘူးကြောင်း၊ အဲဒါကို Melting pot culture- မတူတာတွေ ရောနှောပျော်ဝင်ပေါင်းစပ်ထားတဲ့ ဟင်းလေးအိုး ပုံစံယဉ်ကျေးမှု-လို့ခေါ်ကြောင်း။ ဘာကြောင့် အဲဒီလိုခေါ်ရသလဲဆိုရင် အမေရိကန်နိုင်ငံဆိုတာ ကမ္ဘာအရပ်ရပ်က လူမျိုးမတူသူတွေ၊ ယဉ်ကျေးမှု ကွဲပြားခြားနားသူတွေ၊ ကိုးကွယ်ယုံကြည်မှု မတူသူတွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ နိုင်ငံတစ်ခုဖြစ်ကြောင်း၊ အဲဒီလူမျိုးဘာသာ မတူကွဲပြားသူတွေဟာ Land of opportunity ဆိုတဲ့ ကမ္ဘာသစ်ကို ရောက်ရှိလာတဲ့အခါမှာ ပေါင်းဆုံရောနှောသွားပြီး၊ တစ်နည်းပြောရရင် ရှိနှင့်ပြီး ယဉ်ကျေးမှုနဲ့ Assimilate-(တဖြေးဖြေးလက်ခံပေါင်းစပ်)ဖြစ်ကာ အမေရိကန်ယဉ်ကျေးမှုဆိုတဲ့ တစ်ခုတည်းသော ယဉ်ကျေးမှုဖြစ်လာလိမ့်မယ်လို့ ထင်မြင်ယူဆခဲ့ကြကြောင်း။ တစ်သားတည်း၊ တစ်ရောင်တည်း ဖြစ်သွားမယ်လို့ ယူဆခဲ့ကြကြောင်း။ ဒါကြောင့် အများနဲ့သက်ဆိုင်တဲ့ ပေါ်လစီတွေကို ရေးဆွဲရာမှာ အဲဒီ Melting pot-ဟင်းလေးအိုး ယဉ်ကျေးမှုနဲ့ လိုက်လျောညီထွေဖြစ်မယ့် ပေါ်လစီတွေကိုသာ ဦးစားပေးစဉ်းစားကာ ရေးဆွဲချမှတ်လေ့ရှိကြောင်း၊ သို့ပေမယ့် နှစ်ပေါင်းအတော်ကြာလာပြီး မျိုးဆက်သုံးလေးဆက်ကြာလာသည့်တိုင်အောင် သူတို့မျှော်မှန်းသလိုဖြစ်မလာခဲ့တာကို တွေ့ရကြောင်း။ ရုရှားဖက်က လာသူတွေကလည်း သူတို့ရုရှားအချင်းချင်းနဲ့သာ အပေါင်းအသင်းများပြီး သူတို့မူလယဉ်ကျေးမှုကိုသာ အနည်းနဲ့အများဆိုသလိုဆက်လက်ကျင့်သုံးတတ်ကြကြောင်း။ အလားတူပဲ၊ အခြားအခြားသော တရုတ်၊ အာရပ်၊ အိန္ဒိယစတဲ့ လူမျိုးတွေလည်း သူတို့ယဉ်ကျေးမှု၊ သူတို့အသိုင်းအဝိုင်းအချင်းချင်းသာလျှင် ကူးလူးဆက်ဆံတတ်ကြကြောင်း၊ ရာခိုင်နှုန်းနည်းပါးတဲ့ လူမျိုးစုအချို့သာလျှင် အမေရိကန်ယဉ်ကျေးမှုထဲမှာ စီးဝင်ပေါင်းစပ်သွားတတ်ကြောင်း။ ဒါကြောင့် လူမှုရေးသိပ္ပံပညာရှင်များက အမြင်သစ်တစ်ခုကို ထုတ်ဖော် တင်ပြလာခဲ့ကြောင်း၊ ခုလောလောဆယ်မှာဆိုရင် အလျင်က မျှော်မှန်းခဲ့တဲ့ Melting pot-ဟင်းလေးအိုးယဉ်ကျေးမှုထက် Multiculturalism-ယဉ်ကျေးမှုပေါင်းစုံ သူ့ဟန်ပန်နဲ့သူ နေထိုင်တဲ့ လူ့အဖွဲ့အစည်းဆိုတဲ့ ယဉ်ကျေးမှု ပုံသဏ္ဍာန်ဖက်ကို စဉ်းစားလာခဲ့ကြကြောင်း။ Multiculturalism ဆိုတာကတော့ မတူညီတဲ့ ယဉ်ကျေးမှုပုံသဏ္ဍာန်ကို သူ့ပင်ကိုယ် သဘာဝအတိုင်းထားကာ သူ့နေရာနဲ့သူ စနစ်တကျ

ထားလိုက်ခြင်းဖြင့် ပိုမိုပြည့်စုံတဲ့ အလှတစ်ခုဖြစ်လာနိုင်တယ်ဆိုတဲ့ ယုံကြည်မှုတစ်ခုပင်ဖြစ်ကြောင်း၊ ဒီယဉ်ကျေးမှုပုံစံသစ်က အလျင်က လက်ခံထားတဲ့ ဟင်းလေးအိုး ယဉ်ကျေးမှုထက် ပိုမိုလက်တွေ့ဆန်တယ်လို့ လက်ခံလာကြကြောင်းကိုလည်း ပြောဖြစ်ပါတယ်။

Diversity-မတူခြားနားခြင်းများစွာ ဆိုတဲ့စကားတစ်ခွန်းကို နေရာအတော်များများကနေ မင်းတို့တွေလည်း ကြားဖူးမှာပါ၊ အထူးသဖြင့် မင်းတို့တွေ တက်ရောက်နေတဲ့ ကောလိပ်တွေ တက္ကသိုလ်တွေမှာဆိုရင် သူတို့ကျောင်းတွေဟာ ဘယ်လောက်တောင် Cultural Diversity ဖြစ်တယ်၊ လူမျိုးအသားအရောင် Divert ဖြစ်တယ်။ ဘယ်လောက်တောင် ဘာသာစကားတွေ လူမျိုးတွေ စုံလင်တယ်ဆိုတာကို ဂုဏ်ယူအားရစွာ ကြေညာတတ်တာကို တွေ့ရမှာပါ။ ကျောင်းတွေမှာပါမက အခြားလူမှုရေးနယ်ပယ်မှာလည်း Multiculturalism ကို အားပေးတဲ့ အစီအစဉ်တွေကို အားပေးမြှင့်တင်လာတာကိုလည်း တွေ့ရမှာပါ။ ဒါဟာ ဘာကိုညွှန်ပြသလဲဆိုရင် အရောင်အသွေးစုံလင်မှုဟာ အလှတစ်ခုဖြစ်တယ်ဆိုတာကို ပြောချင်တဲ့စကားပါ။

သူ့ယဉ်ကျေးမှုကို ကိုယ်ကလေးစား၊ ကိုယ့်ယုံကြည်မှုကိုလည်း သူကအသိအမှတ်ပြုလို့ နေသွားမယ်ဆိုရင် ယဉ်ကျေးမှုတစ်ခုဟာ လက်ရာမြောက်စွာ ရေးချယ်ထားတဲ့ ပန်းချီကားတစ်ချပ်ပမာ လှပလာမှာပါ။ ခုလည်း မင်းတို့မိသားစုမှာ အယူအဆမတူသူတွေ၊ ဝါသနာမတူသူတွေနဲ့ စုပေါင်းထားတာဆိုတော့ တကယ့်ကို Divert ဖြစ်တဲ့ မိသားစုပေါ့။ Multiculturalism ကို ကိုယ်စားပြုတဲ့ မိသားစုပေါ့၊ လောလောဆယ် ပေါ်ပြူလာဖြစ်နေတဲ့ ပုံစံတစ်ခုပေါ့။ ကောင်းပါတယ်။ ဂုဏ်ယူစရာပေါ့လို့ ဦးစွာ အားပေးစကားပြောဖြစ်ပါတယ်။

နောက်ပြီး အရေးကြီးတဲ့ စကားတစ်ခွန်းကိုလည်း ပြောချင်ပါသေးတယ်။ အဲဒါက Multiculturalism ကို သရုပ်ဖော်သူတွေက သူတို့ရဲ့ အယူအဆကို ဆေးရောင်စုံ ပန်းချီကားချပ်တစ်ခုနဲ့ ခိုင်းနှိုင်းကြပါတယ်။ သူတို့ပြောတာက ရှိသမျှအရောင်အားလုံးကို ရောမွှေပြီးတစ်ရောင်ထဲနဲ့ ပန်းချီကားတစ်ချပ်ကို ဖန်တီးတာထက် အနီ အစိမ်း အဝါ အပြာစတဲ့ အရောင်စုံနဲ့ ချယ်သထားတဲ့ ပန်းချီကားတစ်ချပ်က ပိုမိုပြည့်စုံတဲ့ ပန်းချီကားတစ်ချပ်ဖြစ်လာနိုင်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် Melting pot အလှထက် Multiculturalism အလှက ပိုမိုပြည့်ဝတဲ့ အလှ၊ ပိုမိုကောင်းမွန်တဲ့ ယဉ်ကျေးမှုဖြစ်တယ်လို့ ဆိုပါတယ်။

ပန်းချီကားတစ်ချပ်မှာ ဆေးရောင်စုံတွေ ပါဝင်ပေါင်းစပ်ထားရုံမျှနဲ့ လှပတဲ့ တန်ဖိုးကြီးမားတဲ့ ပန်းချီကားတစ်ချပ်ဖြစ်မလာနိုင်ကြောင်းကိုတော့ မင်းတို့တွေ နားလည်မှာပါ။ တန်ဖိုးကြီးပြီး လှပတဲ့ပန်းချီကားတစ်ချပ်ဖြစ်နိုင်ဖို့ မတူညီတဲ့အရာတွေကို အချိုးကျကျ ပေါင်းစပ်တတ်တဲ့ အတတ်ပညာရှိဖို့လိုပါတယ်။ အရောင်စုံပေမယ့် အချိုးကျနစွာ သူ့နေရာနဲ့သူ အရောင်ကို မချယ်သတတ်ဘူးဆိုလျှင်လည်း လှပတဲ့ ပန်းချီကားတစ်ကား ဖြစ်လာမယ် မဟုတ်ပါဘူး။ နောက်ပြီးလည်း ပန်းချီကားတစ်ချပ်ထဲမှာ မိုးကောင်းကင်ကြီးဟာ ပြာချင်လျှင်လည်း ပြာနေမယ်။ တနေရာမှာတော့ ဒီမိုးကောင်းကင်ကြီးကပဲ အနီရောင်တောက်ကောင်းလည်း တောက်နေပေလိမ့်မယ်။ နောက်ပြီး သစ်ပင်သစ်တောတွေဆိုတာ အများအားဖြင့် စိမ်းလန်းနေပေမယ့် တခါခါမှာတော့လည်း တတောတစ်တောင်လုံး နီညိုဝါရွှေ အရောင်ပြောင်းကောင်းလည်း ပြောင်းနေပေလိမ့်မယ်။ အဲဒါကို တရားသေအယူအဆနဲ့ မင်းကကောင်းကင်ပဲ၊ အမြဲတမ်း ပြာရမှာတော့။ မင်းကတော့ သစ်တောမို့ ထာဝစဉ် စိမ်းနေရမှာပေါ့လို့ ယူဆထားလို့လည်း ရမယ် မဟုတ်ကြောင်း။ ပန်းချီကားထဲမှာ ငှက်တစ်ကောင်ဟာ နားနေလျှင်လည်း နားနေမယ်၊ စားနေလျှင်လည်း စားနေမယ်၊ လေဟုန်မှာဝဲကောင်းလည်း ဝဲနေမယ်။ ပုံသေသတ်မှတ်ထားလို့

မဖြစ်ဘူး။ နောက်ပြီး ကိုယ့်အရောင်ကို ပိုခြယ်ရမယ်၊ သူ့အရောင်ကိုတော့ လျှော့ခြယ်ရမယ်ဆိုတဲ့ အတွေးမျိုး မရှိဖို့လည်း လိုပါတယ်။ လိုအပ်တဲ့နေရာမှာ လိုအပ်သလို ခြယ်မှုန်းခွင့်ရှိစေဖို့ကိုလည်း ခွင့်ပြုနိုင်ရမယ်။ ပန်းချီကားချပ်တစ်ချပ်မှာ အနည်းဆုံးသော အရောင်လေးက အတောက်ပဆုံး၊ ဆွဲဆောင်အား အကောင်းဆုံး ပါဝင်ပတ်သက်မှု ဖြစ်တတ်တာကိုလည်း သတိရသင့်ပါတယ်။

နည်းတူပဲပေါ့။ ယဉ်ကျေးမှုတစ်ခု၊ လူ့အဖွဲ့အစည်းတစ်ခု၊ မိသားစုတစ်ခုတွင်းမှာလည်း တစ်ဦးတစ်ယောက်ဟာ အခြားသူတွေရဲ့ အတွေးအခေါ် အယူအဆတွေကိုလည်း လက်ခံနားလည်တတ်တဲ့ စိတ်ဓာတ်ရှိဖို့လည်း လိုပါတယ်။ မတူညီတာတွေ ရှိခဲ့လျင်တောင် မတူညီလို့ လုံးဝမသုံးပဲထားတာထက် အဲဒီမတူညီတဲ့အရာတွေကို အချိုးကျစွာ သူ့နေရာနဲ့သူ အံဝင်ခွင်ကျ သုံးစွဲတတ်မယ်ဆိုလျင်ဖြင့် လှပတဲ့ ပန်းချီကားတစ်ချပ်ဖြစ်လာနိုင်ပါတယ်။ ဒီတော့ မိသားစုဝင်အချင်းချင်း အယူအဆ မတူတာ၊ ဝါသနာမတူတာက ပြဿနာ မဟုတ်ကြောင်း၊ သို့ပေမယ့် မတူတဲ့အရာတွေကို အချိုးတကျ ပေါင်းစပ်တတ်ဖို့တော့လိုကြောင်း။ မပေါင်းစပ်နိုင်ဘူး၊ မပေါင်းစပ်တတ်ဘူးဆိုလျင်တော့ ပြဿနာဖြစ်လာနိုင်ကြောင်းကိုလည်း ပြောဖြစ်ပါတယ်။

အယူအဆအတွေးအခေါ် မတူသူတွေ၊ အခြေအနေ မတူသူတွေ စုပေါင်းပြီးနေလို့ တစ်စုတစ်ဝေးတည်း ပေါင်းလို့ဖြစ်နိုင်မယ် မထင်ဘူးလို့ ယူဆခဲ့မယ်ဆိုလျင်တောင် ဒီမတူသူတွေကို မေတ္တာမျက်လုံးနဲ့ ကြည့်သင့်သူကို မေတ္တာမျက်လုံးနဲ့ကြည့်၊ ကရုဏာနဲ့ ဆက်ဆံရမယ့်သူဆိုလျင် ကရုဏာထား။ မုဒိတာအရောင်ခြယ်ကာမှ လိုက်လျောညီထွေ ဖြစ်မယ်ဆိုလျင် မုဒိတာအရောင်ကိုခြယ်သကာ ဆက်ဆံဖို့လိုမယ်ဖြစ်ကြောင်း။ အနည်းဆုံးတော့ လူတစ်ယောက်ကို သူ့အကြောင်းသူ့ကံနဲ့ သူပါပဲလေဆိုတဲ့ ဥပေက္ခာတော့ ထားလို့ရနိုင်ကြောင်း၊ အဲဒီလို မေတ္တာ ကရုဏာ မုဒိတာနဲ့ ဥပေက္ခာနစ်လုံးသားကို သူ့နေရာနဲ့သူ အချိုးကျစွာ ခြယ်သတတ်မယ်ဆိုလျင်လည်း အရောင်စုံတဲ့ဆေးတွေကို သူ့နေရာနဲ့သူ စနစ်တကျ ခြယ်သထားတဲ့ ပန်းချီကားတစ်ချပ်ပမာ တန်ဖိုးကြီးစွာ၊ စွဲမက်လှပဖွယ် ဖြစ်နိုင်ကြောင်းကိုလည်း ပြောဖြစ်ပါတယ်။

လှပပြီး တန်ဖိုးကြီးတဲ့ ပန်းချီကားတစ်ချပ်ပမာ အရောင်စုံလင်စွာနဲ့ လှပနေတဲ့မိသားစုတစ်ခုဖြစ်အောင် နေထိုင်နိုင်ကြပါစေလို့လည်း ဆုတောင်းပေးလိုက်ပါတယ်။ ။